# Myanmar International School Yangon

# အနိုင်ကျင့်မှုကာကွယ်ရေးမူဝါဒ

| | | |
|---|---|---|
| **Approved by:** | Ei Ei Zin (Board of Directors) | **Date:** 29th December 2022 |
| **Last reviewed on:** | September 2024 | |
| **Next review due by:** | September 2026 | |

## ၁။ ရည်ရွယ်ချက်နှင့် အကျုံးဝင်မှု

ဤမူဝါဒသည် အနိုင်ကျင့်စော်ကားမှုများကို ကာကွယ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် MISY မှ လုပ်ဆောင်မည့် အချက်များကို ဖော်ပြထားပါသည်။ကျွန်ုပ်တို့သည် လူကြီးအချင်းချင်း သို့မဟုတ် လူကြီးနှင့် ကလေးသူငယ်/လူငယ်များအကြား အနိုင်ကျင့်မှုအပါအဝင် မည်သည့်အနိုင်ကျင့်မှုကိုမျှ လက်ခံမည်မဟုတ်သော "အနိုင်ကျင့်မှုကင်းစင်သည့် ယဉ်ကျေးမှု" (Anti-bullying culture) တစ်ရပ်ကို ဖော်ဆောင်ရန် သန္နိဋ္ဌာန်ချထားပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် မိဘများအားလုံး ပူးပေါင်း၍ ပျော်ရွှင်ပြီး ဂရုဏာတရားရှိသော သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် ဖြစ်ပါသည်။

ဤမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများသည် MISY ကျောင်းအဖွဲ့အစည်းဝင်အားလုံး နှင့် သက်ဆိုင်ပါသည်။

## ၂။ အနိုင်ကျင့်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အနိုင်ကျင့်မှုဆိုသည်မှာ တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုက အခြားသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ နာကျင်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုမူသော အလေ့အထဖြစ်ပြီး၊ ပုံမှန်အားဖြင့် အချိန်ကာလတစ်ခုအထိ ထပ်တလဲလဲ ပြုလုပ်လေ့ရှိသည်။

အနိုင်ကျင့်မှုသည် နစ်နာသူ၏ လူမျိုးစု၊ နိုင်ငံသားဖြစ်မှု၊ အသားအရေ၊ ကျား/မ ကွဲပြားမှု၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် မသန်စွမ်းမှု တစ်မျိုးမျိုးအပေါ် အခြေခံ၍လည်း ပေါ်ပေါက်လာနိုင်ပြီး၊ ယင်းသည် ပိုမိုကျယ်ပြန့်သော လူအုပ်စုကိုပါ သက်ရောက်မှုရှိစေနိုင်ပါသည်။

အနိုင်ကျင့်မှုတွင် အမည်ဖျက်ခေါ်ခြင်း၊ လှောင်ပြောင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ရိုင်းစိုင်းသော မှတ်ချက်များပေးခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်း၊ ရိုက်နှက်ခြင်း၊ ပစ္စည်းများကို သိမ်းယူခြင်း၊ ရိုင်းစိုင်းသော စာသား/ပုံများကို ရေးဆွဲခြင်း၊ အတင်းအဖျင်းပြောခြင်း၊ လူအုပ်စုအတွင်းမှ ဖယ်ကျဉ်ထားခြင်းနှင့် နာကျင်စေသော သို့မဟုတ် မဟုတ်မမှန်သော ကောလာဟလများကို ဖြန့်ဝေခြင်း တို့ပါဝင်နိုင်သည်။ယင်းတွင် ဒစ်ဂျစ်တယ်ကိရိယာများမှတစ်ဆင့် ပြုလုပ်သော အလားတူ မသင့်လျော်သည့် သို့မဟုတ် အန္တရာယ်ရှိသော အပြုအမူများ (ဆိုက်ဘာအနိုင်ကျင့်မှု - Cyberbullying) လည်း ပါဝင်သည်။ ဥပမာ - ဖုန်း၊ စာတို (Text)၊ Instant Messenger (ဥပမာ Messenger, Viber စသည်)၊ ဝဘ်ဆိုက်များ၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အက်ပလီကေးရှင်းများမှတစ်ဆင့် မသင့်လျော်သော စာသားများ ပေးပို့ခြင်း၊ မိုဘိုင်းဖုန်း သို့မဟုတ် အင်တာနက်မှတစ်ဆင့် ရိုင်းစိုင်းသော သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံရိပ်များကို ပေးပို့ခြင်းတို့ ဖြစ်ပါသည်။

အနိုင်ကျင့်မှုသည် မည်သူ့ကိုမဆို ကြုံတွေ့ရစေနိုင်ပါသည်။ ဤမူဝါဒသည် အောက်ပါအချက်များအပါအဝင် (ယင်းတို့သာမကဘဲ) အနိုင်ကျင့်မှု အမျိုးအစားအားလုံးကို အကျုံးဝင်စေပါသည် -

- လူမျိုး၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်း။

- အထူးပညာရေးလိုအပ်ချက် သို့မဟုတ် မသန်စွမ်းမှုအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်း။
- ရုပ်ရည်သွင်ပြင် သို့မဟုတ် ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်း။
- လိင်စိတ်တိမ်းညွတ်မှုအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်း (ဥပမာ လိင်တူနှစ်သက်မှုအား အနိုင်ကျင့်ခြင်း)။
- မိသားစုနောက်ခံ အခြေအနေအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်း။
- လိင်ကွဲပြားမှုအပေါ် အခြေခံ၍ အနိုင်ကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း။
- နည်းပညာမှတစ်ဆင့် အနိုင်ကျင့်ခြင်း – "ဆိုက်ဘာအနိုင်ကျင့်မှု" (Cyber-bullying)။

## ၃။ အနိုင်ကျင့်မှုကို ကာကွယ်ခြင်း၊ ဖော်ထုတ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း

MISY အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည် -

- လူတိုင်းက လိုက်နာစောင့်ထိန်းရမည့် အပြန်အလှန် လေးစားမှု၊ အလေးထားမှုနှင့် အခြားသူများအပေါ် ဂရုဏာထားမှုဆိုင်ရာ ယဉ်ကျေးမှုကို မြှင့်တင်ပေးသည့် အားလုံးပါဝင်နိုင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီး၍ ပံ့ပိုးကူညီပါမည်။
- အနိုင်ကျင့်မှုပုံစံအားလုံးကို ဖော်ထုတ်ရန် ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါမည်။
- ကျောင်းသားများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ၊ အခက်အခဲများကို ကြံ့ကြံ့ခံနိုင်စွမ်း အပါအဝင် ကို ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျရှိသော အခွင့်အလမ်းများကို တက်ကြွစွာ ဖန်တီးပေးပါမည်။
- ကျောင်းသားများ၊ ဝန်ထမ်းများနှင့် မိဘ/အုပ်ထိန်းသူများအနေဖြင့် အကူအညီရယူနိုင်ရန်နှင့် စိုးရိမ်ပူပန်မှုများကို တိုင်ကြားနိုင်ရန် နည်းလမ်းမျိုးစုံကို ပံ့ပိုးပေးပါမည်။
- သည်းခံနိုင်မှု၊ ခွဲခြားဆက်ဆံမှုမရှိမှုနှင့် အခြားသူများအပေါ် လေးစားမှုဆိုင်ရာ တန်ဖိုးများကို လိုက်နာစောင့်ထိန်းခြင်းမရှိသော လုပ်ရပ်များကို ဟန့်တားစိန်ခေါ်သွားပါမည်။
- သင်ရိုးညွှန်းတမ်းတစ်ခုလုံးတွင် အနိုင်ကျင့်မှုပုံစံအားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး၊ ယင်းကို ပြသချက်များ (Displays)၊ လူစုဝေးပွဲများ (Assemblies)၊ အချင်းချင်းကူညီပံ့ပိုးမှု (Peer support)၊ အထူးအလေးပေး ရက်သတ္တပတ်များ (Focus weeks) နှင့် ကျောင်းသားကောင်စီတို့ကဲ့သို့သော နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးကူညီပါမည်။
- နည်းပညာတိုးတက်ပြောင်းလဲမှုများကို ထည့်သွင်းစဉ်းစားရန် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုများကို ပုံမှန်အဆင့်မြှင့်တင် စစ်ဆေးမည်ဖြစ်ပြီး၊ ကောင်းမွန်သော အွန်လိုင်းအပြုအမူများနှင့် ပတ်သက်၍ ကျောင်းအဖွဲ့အစည်းဝင်အားလုံးကို ခေတ်မီအကြံပြုချက်များနှင့် ပညာပေးမှုများ ပြုလုပ်ပါမည်။
- ဆရာ/ဆရာမများနှင့် ပံ့ပိုးကူညီရေး ဝန်ထမ်းများအပါအဝင် ဝန်ထမ်းအားလုံးကို အနိုင်ကျင့်မှုပုံစံအားလုံးကို ဖော်ထုတ်နိုင်ရန်နှင့် ကျောင်း၏လုပ်ထုံးလုပ်နည်းများ (ဖြစ်စဉ်များကို မှတ်တမ်းတင်ခြင်းနှင့် တိုင်ကြားခြင်း အပါအဝင်) အတိုင်း လိုက်နာဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်တန်းပေးပါမည်။

- အနိုင်ကျင့်မှုများ မဖြစ်ပွားစေရန် ကာကွယ်ရေးနည်းဗျူဟာများကို ထိရောက်စွာ ချမှတ်နိုင်ရေးအတွက် အနိုင်ကျင့်မှုဖြစ်စဉ်များနှင့် ပြဿနာရပ်များဆိုင်ရာ စိုးရိမ်မှုများနှင့် အချက်အလက်များကို ကြိုတင်စုဆောင်း မှတ်တမ်းတင်ပါမည်။
- ထိခိုက်လွယ်သော ကလေးသူငယ်များနှင့် လူငယ်များအတွက် "ဘေးကင်းလုံခြုံသော နေရာများ" (Safe spaces) ကို တက်ကြွစွာ ဖန်တီးပေးမည်။
- အနိုင်ကျင့်သူနှင့် အနိုင်ကျင့်ခံရသူတို့အကြားရှိ ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းမျိုးစုံကို အသုံးပြုမည်။

## ၄။ ကျောင်းသားများ၏ ပူးပေါင်းပါဝင်မှု

MISY အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည် -

- အနိုင်ကျင့်မှု၏ အတိုင်းအတာနှင့် သဘောသဘာဝတို့နှင့် ပတ်သက်၍ ကျောင်းသားများ၏ သဘောထားအမြင်များကို ပုံမှန်စစ်တမ်းကောက်ယူ မေးမြန်းပါမည်။
- အနိုင်ကျင့်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများနှင့် စိတ်မအေးစရာများကို မည်သို့ထုတ်ဖော်ပြောဆိုရမည်ကို ကျောင်းသားအားလုံး သိရှိစေရန် ဆောင်ရွက်ပါမည်။
- အနိုင်ကျင့်မှုတွင် ပါဝင်ပတ်သက်သူများအပေါ် ချမှတ်နိုင်သည့် အရေးယူမှု (Sanctions) အမျိုးမျိုးကို ကျောင်းသားအားလုံး သိရှိနားလည်စေရန် ဆောင်ရွက်ပါမည်။
- ကျောင်းတွင်း အနိုင်ကျင့်မှုဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ကျောင်းသားများကို ပါဝင်စေပြီး၊ ယင်းနှင့်ပတ်သက်သော သတင်းစကားများကို ကျောင်းသင်ရိုးညွှန်းတမ်း တစ်ခုလုံးတွင် ထည့်သွင်းဖော်ပြမည်။
- အနိုင်ကျင့်ခံရသူ ကျောင်းသားများနှင့် အနိုင်ကျင့်သူ ကျောင်းသားများ နှစ်ဖက်စလုံး၏ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် ၎င်းတို့အား လိုအပ်သော ကူညီပံ့ပိုးမှုများ ပေးအပ်ပါမည်။

## ၅။ မိဘများနှင့် အုပ်ထိန်းသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

MISY အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည် -

- အနိုင်ကျင့်မှုနှင့် ပတ်သက်သည့် အရေးကြီးအချက်အလက်များကို မိဘ/အုပ်ထိန်းသူများထံ နည်းလမ်းမျိုးစုံဖြင့် ရရှိနိုင်အောင် ဆောင်ရွက်ပါမည်။
- အနိုင်ကျင့်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိလာပါက မည်သူ့ကို ဆက်သွယ်ရမည်ကို မိဘ/အုပ်ထိန်းသူများအားလုံး သိရှိစေရန် ဆောင်ရွက်မည်။ ထို့ပြင် အနိုင်ကျင့်မှုဖြစ်စဉ်များကို ဖြေရှင်းရာတွင် မိဘများ၏ အခန်းကဏ္ဍနှင့် ကျောင်း၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းစွာ သိရှိစေပါမည်။
- မိဘများအနေနှင့် ကျောင်းနှင့် ပူးပေါင်း၍ ကျောင်းတွင်း ကျောင်းပြင် နှင့် အွန်လိုင်း တို့တွင် ကျောင်းသားများအတွက် အပြုသဘောဆောင်သော စံနမူနာပြ အပြုအမူများကို ပြသရန် နှင့်

အနိုင်ကျင့်မှုဖြစ်ရပ်များတွင် ပါဝင်ပတ်သက်နေသော ကျောင်းသားများအား အရေးယူမှုများကိုလည်း မိဘများက ဝိုင်းဝန်းပံ့ပိုးကူညီစေပါမည်။

## ၆။ ဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းခြင်း

ဝန်ထမ်းအားလုံးသည် အောက်ပါ အဓိကအချက် (၅) ချက်ကို လိုက်နာရမည် -

- အနိုင်ကျင့်မှုဟု သံသယရှိပါက မည်သည့်အခါမျှ လျစ်လျူမရှုပါနှင့်။
- အခြေအနေကို အတည်မပြုနိုင်သေးဘဲ စောစီးစွာ ကြိုတင်ကောက်ချက်မချပါနှင့်။
- သက်ဆိုင်သူအားလုံး၏ ပြောကြားချက်များကို ဂရုတစိုက် နားထောင်ပါ - ကျောင်းသားအများအပြားက တူညီသောအချက်ကို ပြောနေခြင်းသည် ၎င်းတို့ အမှန်တရားကို ပြောနေခြင်းဖြစ်သည်ဟု တစ်ထပ်တည်း မဆိုလိုနိုင်ပါ။
- ကျောင်းသားများအနေဖြင့် မိမိကိုယ်ကို အပြစ်မရှိကြောင်း အကြောင်းပြချက်ပေးနေခြင်း (Self-justification) ထက် ရှေ့ဆက်၍ ပြဿနာကို ဖြေရှင်းနိုင်မည့် နည်းလမ်း (Problem-solving approach) ကို ကျင့်သုံးပါ။
- အနိုင်ကျင့်မှုဟု သံသယရှိသော ဖြစ်စဉ်အားလုံးကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြီးအကဲ (Head of Section) ထံ ချက်ချင်း အစီရင်ခံရမည်။

ဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်ရမည် -

- အနိုင်ကျင့်မှုဟု သံသယရှိပါက သို့မဟုတ် တိုင်ကြားလာပါက၊ ထိုကိစ္စကို ဦးစွာသိရှိရသော ဝန်ထမ်းက ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတိကျစွာ မှတ်တမ်းတင်ရပါမည်။ ၎င်းမှတ်တမ်းကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြီးအကဲ (Head of Section) ထံ အမြန်ဆုံး ပေးပို့ရပါမည်။
- ကဏ္ဍအလိုက် အကြီးအကဲသည် စုံစမ်းစစ်ဆေးမှုများ အမြန်ဆုံးပြုလုပ်ရန် တာဝန်ယူ ဆောင်ရွက်ပါမည်။
- အတန်းပိုင်ဆရာ/ဘာသာရပ်သင်ဆရာများကို လိုအပ်သလို အသိပေး အကြောင်းကြားသွားပါမည်။
- မိဘ/အုပ်ထိန်းသူများကိုလည်း လိုအပ်သလို အသိပေး အကြောင်းကြားသွားပါမည်။
- အကယ်၍ အနိုင်ကျင့်မှုသည် ကျောင်းဝင်းပြင်ပတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါက ကျောင်းအနေဖြင့် သက်ဆိုင်သူ ကျောင်းသား(များ)အား အကြံဉာဏ်ပေးခြင်းနှင့် ကူညီပံ့ပိုးပေးခြင်းများ ပြုလုပ်သွားပါမည်။
- ကျောင်း၏ အပြုအမူဆိုင်ရာမူဝါဒ (Behaviour Policy) နှင့်အညီ သင့်လျော်သော အရေးယူမှု (Sanctions) များကို ကျင့်သုံးသွားမည်။

## ၇။ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

အနိုင်ကျင့်မှုဖြစ်စဉ်ဆိုင်ရာ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိမည်ဖြစ်ပြီး၊ ဤမူဝါဒ၏ ထိရောက်မှုကို စစ်ဆေးရန်နှင့် အနိုင်ကျင့်မှုများ အဖြစ်များလေ့ရှိသည့် "အချိန်၊ နေရာ သို့မဟုတ် အခြေအနေ" (Hot-spots) များကို ဖော်ထုတ်ပြင်ဆင်ရန် သို့မဟုတ် ပပျောက်စေရန်အတွက် အကြီးတန်းအုပ်ချုပ်မှုအဖွဲ့ (Senior Leadership Team) မှ အသေးစိတ် စစ်ဆေးသုံးသပ်သွားမည် ဖြစ်ပါသည်။

အတည်ပြုပြီးသော အနိုင်ကျင့်မှုဖြစ်စဉ်အားလုံးကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး၊ ကျောင်းအုပ်ကြီး (Head of School) သည် အဆိုပါ လျှို့ဝှက်မှတ်တမ်းများကို ကျွန်ုပ်တို့၏ အချက်အလက်ကာကွယ်ရေးမူဝါဒ (Data protection policy) နှင့်အညီ လုံခြုံစွာ သိမ်းဆည်းထားရှိရန် တာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။

## ဆက်စပ်မူဝါဒများနှင့် စာရွက်စာတမ်းများ

သင်ယူခြင်းဆိုင်ရာ အမူအကျင့် မူဝါဒ
မိဘလက်စွဲစာအုပ်
ဆရာလက်စွဲစာအုပ်
အချက်အလက်ကာကွယ်ရေးမူဝါဒ

Last reviewed: September 2024 by LH